# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ်
# သီလဝါ
# Income Restoration Program in Thilawa

## လူထုနှင့်ဆွေးနွေးတိုင်ပင်သည့်အစည်းအဝေးပြုလုပ်ခြင်း (၂၀၁၉ ခုနှစ်၊ဩဂုတ်လ၊၁၈ရက်)




လူထုနှင့်ဆွေးနွေးတိုင်ပင်သည့်အစည်းအဝေးကို၂၀၁၉ခုနှစ်ဩဂုတ်လ(၁၈)ရက်နေ့တွင်ဇုန်(ဘီ)ပြန်လည်နေရာချထားသောနေရာ၌ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဇုန်(ဘီ)ပြန်လည်နေရာချထားသောနေရာရှိ အခြေခံအဆောက်အဦးများဆောက်လုပ်ခြင်းနှင့်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းတို့ကိုအဓိကဆွေးနွေးရန်ဖြစ်သည်။အဆိုပါအစည်းအဝေးပွဲသို့သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှလူထုဆက်ဆံရေးမှူး၊ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၊ဇုန်(ဘီ)စီမံကိန်းကြောင့်ထိခိုက်သူများအပါအဝင်ပြန်လည်နေရာချထားသောနေရာတွင် နေထိုင်သောသူများစုစုပေါင်း(၄၄)ဦးတက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးပွဲတွင်ပြန်လည်နေရာချထားသောနေရာအတွင်း၌ရပ်ရွာကော်မတီဖွဲ့စည်းရန်အဖွဲ့ဝင်များကိုရွေးချယ်ခဲ့ကြသည်။ထိုနောက်အမှိုက်သိမ်းဆည်းခြင်း၊ကားအဝင်အထွက်ဂိတ်နှင့် လူထုစင်တာဆောက်လုပ်ခြင်း အပါအဝင်အဓိကလမ်းမကြီးနှင့်လမ်းသွယ်များပြုပြင်ခြင်းကိစ္စတိုကိုလူထုနှင့်ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

## Community Consultation Meeting was held on 18th August, 2019




Community consultation meeting was held on 18th August 2019 at Zone B relocation site. The purpose of the meeting is to discuss about the infrastructures improvement and renovation at Zone B relocation site. Total (44) participants including PAPs, residents from relocation site, JET and Public Affair Coordinator from TSMC attended the meeting. During the meeting, Zone B relocation site community committee was organized by choosing the members from participants. After that, TSMC gave the awareness of trash management and discussed the construction of community center and gates for streets including the repairing of main road and streets.

## ဩဂုတ်လအတွက်အားနည်းသောအိမ်ထောင်စုများအား ထောက်ပံ့ခြင်းအစီအစဉ် (၂၀၁၉ခုနှစ်၊ဩဂုတ်လ၊၂၇ရက်)




မူလဝင်ငွေပြန်လည်ရရှိစေရေးအစီအစဉ်၏လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့်ဇုန်(ဘီ)စီမံကိန်းကြောင့်ထိခိုက်သောအိမ်ထောင်စုများထဲမှသတ်မှတ်ချက်နှင့်ကိုက်ညီသည့် အကျုံးဝင်အိမ်ထောင်စု(၂၃)စု ရှိမိသားစုဝင်(၅၃)ဦးတို့အား အခြေခံစားသောက်ကုန်များဖြစ်သည့်ဆန်နှင့်ဆီကို ၂၀၁၉ခုနှစ်၊ဩဂုတ်လ၂၇ရက်နေ့တွင် ဇုန်(ဘီ)ပြန်လည် နေရာချထားသောနေရာ၌ ထောက်ပံ့ပေးခဲ့ပါသည်။

## Vulnerable people program for August was provided on 27th August 2019




As a part of income restoration program activities, the basic foodstuffs (rice and oil) were provided for those 53 family members from 23 households who are eligible with Vulnerable People Program criteria on 27th August 2019.

Thilawa Resettlement IRP Technical Assistance Team, Address: Dagon – Thilawa Road,Thilawa SEZ, Thanlyin Township,
Email: irp_information@irpthilawa.com , Phone Number: +959779623649

## ဒုတိယအကြိမ်မြောက်ဇုန်(ဘီ)အပိုင်း(၃)မှစီးပွားရေးအရထိခိုက်သူများနှင့်အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၈ရက်)




၂၀၁၉ခုနှစ်၊စက်တင်ဘာလ၈ရက်နေ့တွင်မူလဝင်ငွေပြန်လည်ရရှိစေရေးအစီအစဉ်နှင့်ပတ်သက်သည့်ဒုတိယအကြိမ်မြောက်အလုပ်ရုံဆွေးနွေးပွဲကို ဇုန်(ဘီ) အပိုင်း(၃)မှ စီမံကိန်းကြောင့် စီးပွားရေးအရထိခိုက်သူများနှင့်အတူသန်လျင်ကျောက်တန်းမြို့နယ်မြို့ပြနှင့်အိမ်ရာဦးစီးဌာန၌ပြုလုပ်ခဲ့ပါသည်။အဆိုပါဆွေးနွေးပွဲသို့စီးပွားရေးအရထိခိုက်ခံရသောအိမ်ထောင်စု(၁၀)စုနှင့်အတူသီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှလူထုဆက်ဆံရေးမှူးနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့တက်ရောက်ခဲ့ပါသည်။ဆွေးနွေးပွဲတွင်မူလဝင်ငွေပြန်လည်ရရှိရေး(IRP)၏ရည်ရွယ်ချက်၊အဓိကလုပ်ဆောင်ချက်များကိုတက်ရောက်လာသူများအားမိတ်ဆက်ရှင်းလင်းခဲ့ပါသည်။ ထိုနောက်ဇုန်(ဘီ)အပိုင်း(၃)မှစီးပွားရေးအရထိခိုက်ခံရသောမိသားစုများနှင့်အတူ၄င်းတို့၏လက်တလောအသက်မွေးမှုအခြေအနေနှင့်အနာဂတ်မျှော်မှန်းချက်များအတွက်ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခဲကြပါသည်။

## ဇုန်(ဘီ) ပြန်လည်နေရာချထားရေးနေရာရှိ ရပ်ရွာကိုယ်စားလှယ်ကော်မတီနှင့်ဆွေးနွေးပွဲပြုလုပ်ခြင်း (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်)




၂၀၁၉ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့မှဇုန်(ဘီ)ပြန်လည်နေရာချထားသောနေရာ၌ရပ်ကွက်ဖွံ့ဖြိုးသာယာရေး အတွက်ဖွဲ့စည်းထားသော ရပ်ရွာကိုယ်စားလှယ်ကော်မတီနှင့်အတူဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့ပါသည်။ဆွေးနွေးပွဲသို့သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှလူထုဆက်ဆံရေးမှူး၊ရပ်ရွာကိုယ်စားလှယ်(၁၀)ဦးနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့တက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးတွင်ဇုန်(ဘီ)ပြန်လည်နေရာချထားသောနေရာ၌ဖွဲ့စည်းထားသော ရပ်ရွာကိုယ်စားလှယ်ကော်မတီ၏ရပ်ကွက်ဖွံ့ဖြိုးသာယာရေးနှင့်ပတ်သက်သည့်လုပ်ငန်းဆောင်ရွက်မှုများကို ကော်မတီအဖွဲ့ဝင်(၁၀)ဦးနှင့် အတူဆွေးနွေးတိုင်ပင်ကာသဘောတူညီချက်များရယူခဲ့ပြီးရပ်ရွာကိုယ်စားလှယ်ကော်မတီမှ ချမှတ်ထားသည့် ရပ်ကွက်အတွင်းနေထိုင်သူများအတွက်စည်းမျဉ်းစည်းကမ်းများ(မူကြမ်း)ကိုလည်းအတည်ပြုခဲ့ကြပါသည်။

## IRP consultation workshop with Zone B phase 3 PAPs (Economically affected households) on 8th September 2019




IRP consultation workshop was made with Zone B phase (3) economically affected households at Department of Urban and Housing development (Thanlyin-Kyauktan) on 8th September 2019. Public Affair Coordinator from TSMC, JET and family members from Zone B Phase (3) economically PAHs attended the meeting. First of all, IRP main activities which include the series of consultation meetings, technical supports, VPP, follows up and monitoring process were introduced and explained by TSMC. After that, the group discussion was made with the PAPs to know their current livelihood situations and to discuss their future vision.

## Consultation meeting with Community Representative Committee at Zone B relocation site (15th September 2019)




On 15th September 2019, a consultation meeting was organized by JICA Expert Team (JET) with Community Representative Committee at Zone B relocation site. Public Affair Coordinator from TSMC, JET and 10 committee members from Community Representative Committee attended the meeting. During the meeting, the tasks and the operations of Community Representative Committee which intend to community development at Zone B Relocation Site were consulted and agreed among the representatives. After that, the draft internal regulations, set up by committee were also discussed and confirmed.

## လူထုနှင့်ဆွေးနွေးတိုင်ပင်သည့်အစည်းအဝေးပြုလုပ်ခြင်း (၂၀၁၉ ခုနှစ်၊စက်တင်ဘာလ၊၂၂ရက်)




လူထုနှင့်ဆွေးနွေးတိုင်ပင်သည့်အစည်းအဝေးကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ(၂၂)ရက်နေ့တွင်ဇုန်ဘီပြန်လည်နေရာချထားသောနေရာ၌ပြုလုပ်ခဲ့ပါသည်။အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာပြန်လည်နေရာချထားသောနေရာ၌ဖွဲ့စည်းထားသောအိမ်ထောင်စု(၉၁)စု၏ ကိုယ်စားလှယ်(၁၀)ဦးအား ရပ်ကွက်နေသူများနှင့်မိတ်ဆက်ရန်နှင့်ရပ်ကွက်အတွင်းချမှတ်ထားသော စည်းကမ်းချက်များအားဆွေးနွေးရန်တို့ဖြစ်သည်။အစည်းအဝေးပွဲသို့ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ လူထုဆက်ဆံရေးမှူး၊ ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၊ဇုန်(ဘီ)စီမံကိန်းကြောင့်ထိခိုက်သူများအပါအဝင်ပြန်လည်နေရာချထားသောနေရာတွင်နေထိုင်သူများစုစုပေါင်း(၃၄)ဦးတက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးပွဲတွင်ပြန်လည်နေရာချထားရေးနေရာ၌လူထုမှရွေးချယ်ဖွဲ့စည်းထားသောရပ်ရွာကော်မတီအဖွဲ့ဝင်(၁၀)ဦးအား မိတ်ဆက်ကာ ၎င်းတို့၏လုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းလင်းခဲ့ပါသည်။ ထို့ နောက် ရပ်ကွက်အတွင်းသန့်ရှင်းသာယာလှပစေရန်နှင့်ဖွံ့ဖြိုးတိုးတက်စေရန်ရပ်ရွာကော်မတီမှချမှတ်ထားသောစည်းကမ်းချက်များကိုတက်ရောက်လာသူများထံရှင်းလင်းတင်ပြခဲ့ပြီးအမှိုက်သိမ်းဆည်းခြင်း၊ကားအဝင်အထွက်ဂိတ်နှင့်လူထုစင်တာဆောက်လုပ်ခြင်းအပါအဝင်အဓိကလမ်းမကြီးနှင့်လမ်းသွယ်များပြုပြင်ခြင်းကိစ္စတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ပါ သည်။

## အားနည်းသောအိမ်ထောင်စုများအားထောက်ပံ့ခြင်း အစီအစဉ် နှင့် သုံးလတစ်ကြိမ် စစ်တမ်းကောက်ယူခြင်း (၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၂၆ရက်)




၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊၂၆ရက်နေ့ တွင် သတ်မှတ်ချက်နှင့်ကိုက်ညီသည့်အားနည်းသောအိမ်ထောင်စု(၂၃)စုအားအခြေခံစားသောက်ကုန်များဖြစ်သည့်ဆန်နှင့်ဆီကိုပြန်လည်နေရာချထားသောနေရာ၌ထောက်ပံ့ပေးခဲ့ပါသည်။ထို့အပြင် ၃လတစ်ကြိမ်ပြုလုပ်နေကျဖြစ်သည့်အားနည်းသောအိမ်ထောင်စုများအားထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍စစ်တမ်းကောက်ယူခြင်းများကိုလည်းပြုလုပ်ခဲ့ပါသည်။

## Community Consultation Meeting was held on 22nd September, 2019




A community consultation meeting was held on 22nd September 2019 at Zone B relocation site. The purpose of the meeting is to introduce Community Representative Committee and to clarify the internal regulations for the residents in Zone B relocation site. Total (34) participants including Zone B PAPs, residents from Zone B relocation site, JICA Expert Team and Public Affair Coordinator from TSMC attended the meeting. During the meeting, 10 community representatives, chosen by PAPs were introduced and their tasks were explained to the participants. After that, TSMC clarified the internal regulations set up by community representatives committee and the awareness of trash management, construction of community center, street gates, repairing of main road and streets were consulted the participants.

## Quarterly monitoring for Vulnerable People Program was conducted on 26th September 2019




On 26th September 2019, the basic foodstuffs (rice and oils) were provided for those 23 vulnerable households who have been entitling with vulnerable people program criteria. The quarterly monitoring for vulnerable people program was also conducted followed by the provision.

Thilawa Resettlement IRP Technical Assistance Team, Address: Dagon – Thilawa Road,Thilawa SEZ, Thanlyin Township,
Email: irp_information@irpthilawa.com , Phone Number: +959779623649